# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်မဲဆန္ဒနယ်လေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)

## ပထမနေ့အစည်းအဝေးတွင် ခွင့်ပန်ကြားသူ ကိုယ်စားလှယ်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|
| ၁။ | ဦးအောင်ဆန်းဝင်း | သပိတ်ကျင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) | ၈.၁၂.၂၀၁၆ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)

# ပထမနေ့မှတ်တမ်း

# ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

# (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

# (ကြာသပတေးနေ့)

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ပထမနေ့ကို နံနက် ၁၀:၀၀ နာရီအချိန် တွင် စတင်ကျင်းပပါသည်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ကို ကြီးကြပ်ကွပ်ကဲသူအဖြစ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ခင်မြမြ၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ အစီအစဉ်များကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ညွှန်ကြားရေးမှူး ကျွန်မ ဒေါ်ခင်မြမြက ဆောင်ရွက်မှာဖြစ်ပါတယ်ရှင်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြွရောက်လာပါပြီရှင်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ ထိုင်နိုင်ကြပါပြီရှင်။

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေးအမှတ်စဉ် (၁/၂၀၁၆) ပထမနေ့ကို တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည့်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ဒီနေ့အစည်းအဝေးကတော့ အရေးပေါ်အစည်းအဝေးဆိုပေမယ့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေကြောင့် အရေးကြီးလို့ ခေါ်ယူခြင်းမဟုတ်ပါဘူး။ ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရေးဆွဲ ရမည့် ဘတ်ဂျက်ဘဏ္ဍာငွေအရအသုံး စာရင်းများကို (၁၀.၁၂.၂၀၁၆)ရက်နေ့မှာ နောက်ဆုံးထားပြီး ပေးပို့ရမယ်လို့ အကြောင်းကြားခဲ့ပါတယ်။ အဲ့ဒီလို အကြောင်းကြားခဲ့တဲ့အတွက် ဒါကိုအချိန်မီ ပေးပို့နိုင်အောင် ဝန်ကြီးချုပ်ကနေ အရေးပေါ်အစည်းအဝေးခေါ်ယူပေးဖို့ မေတ္တာရပ်ခံပြီး ဖြစ်ပါ တယ်။ အဲ့ဒီတော့ လွှတ်တော်အနေနဲ့ သာမန်အစည်းအဝေးတွေဆိုရင်တော့ အနည်းဆုံး(၂၁)ရက် ကြိုတင်ပြီးတော့ ဖိတ်ရပါတယ်။ အထူးအစည်းအဝေးဆိုရင်တော့ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ ဖိတ်ရမယ်။ အခုအရေးပေါ်အစည်းအဝေးဆိုတော့ ကျွန်တော်တို့ အနည်းဆုံး(၃)ရက် ကြိုတင်ပြီး တော့ဖိတ်ကြားရမည်။ အဲ့တော့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃(ဃ)မှာ ပြဋ္ဌာန်းထားပါတယ်။ အဲ့တော့အရေးပေါ်အစည်းအဝေးခေါ်ပေးဖို့ ဝန်ကြီးချုပ်က မေတ္တာ ရပ်ခံတဲ့အချိန်မှာ (၁၅)ရက်လည်း မမီတော့၊ (၂၁)ရက်လည်း မမီတော့၊ ကျွန်တော်တို့က အရေးပေါ် အစည်းအဝေးအနေနဲ့ နာမည်တပ်ပြီးတော့ ခေါ်လိုက်ရခြင်းဖြစ်ပါတယ်။ အဲ့တော့ အဓိကကဘဏ္ဍာ ငွေကြေးနဲ့ပတ်သက်တဲ့ ကိစ္စပဲဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်အနည်းငယ် ပြောလိုပါတယ်။ အဲ့တော့ဒီရာသီရောက်လာပြီဆိုရင် ဘတ်ဂျက်ရာသီလို့ ခေါ်ပါတယ်။ အဲ့တော့ ဘတ်ဂျက်ရာသီ ရောက်လာပြီဆိုရင် ဒီဘဏ္ဍာငွေအရအသုံးစာရင်းမှာ မလွဲမသွေတင်ပြရမှာဖြစ်ပါတယ်။ အဲ့တော့ ဒီရာသီရောက်ပြီဆိုတာနဲ့ တပြိုင်နက် အခုဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ မှာစာရင်းတွေကို အချိန်မီရေးဆွဲထားသင့်ပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုအစိုးရအဖွဲ့က တောင်းမှဆိုတဲ့ သဘောမျိုးမဟုတ်ဘဲနဲ့ ဒီရာသီရောက်ရင် ဒီစာရင်းဇယားတွေလုပ်ရတော့မယ် ဆိုတာကို သိထားပြီးသားဖြစ်တာမို့လို့ ကျွန်တော်တို့ ဒီစာရင်းတွေကို အချိန်မီရေးဆွဲထားသင့်တယ် လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဘာဖြစ်လို့ဆိုတော့ ဒီလိုအချိန်မီရေးဆွဲမှသာ ဒီစာရင်း တွေက ကျွန်တော်တို့ လွှတ်တော်ကိုတင်တဲ့အခါမှာ လွှတ်တော်ကကိုယ်စားလှယ်များက ဒီစာရင်း ဇယားတွေကို လေ့လာသုံးသပ်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒီတော့အချိန်မီမရတဲ့အခါကျတော့ ကျွန်တော် တို့အနေနဲ့ ဒီစာရင်းစာအုပ်တွေကလည်း အရေအတွက်ကနည်းတာနဲ့ စာရင်းကိန်းဂဏန်းကနည်း တာနဲ့

အဲ့တော့ဒီအပေါ်မှာ လေ့လာရတဲ့အခါမှာ ရက်တိုတိုအတွင်းမှာ ကျွန်တော်တို့ ပြီးပြည့်စုံအောင် မလေ့လာနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဒီနေ့တင်ပြရမဲ့ အစီရင်ခံစာမှာလည်း အချုပ်သဘောမျိုးဘဲ တင်လို့ရပါတယ်။ ဒါမနေ့ကမှ ကျွန်တော်ကိုယ်စားလှယ်အကုန်အစုံ လာရောက်တဲ့အတွက် မနေ့က မှဒီစာရင်းဇယားတွေ လက်ခံရရှိပြီးတော့ ဒါတွေကို လေ့လာသုံးသပ်ခဲ့ရခြင်းဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော့်အနေနဲ့ ဝန်ကြီးချုပ်ကို တိုက်တွန်းချင်တာကတော့ နောက်နှစ်နောက်နှစ်တွေမှာ ဘတ်ဂျက် ရာသီရောက်ပီဆိုတာနဲ့ တပြိုင်နက်သက်ဆိုင်ရာဌာနဆိုင်ရာ ဒီစာရင်းဇယားတွေကို အချိန်မီပို့ပေးဖို့ အတွက် တိုက်တွန်းပေးဖို့ ကျွန်တော့်အနေနဲ့တောင်းဆိုလိုက်ပါတယ်။ နောက်တစ်ခုက ဒီစာရင်း ဇယားတွေ ကျွန်တော်တို့လေ့လာလိုက်တဲ့အခါမှာ ဘာတွေ့ရသလဲဆိုရင် ဒီဘတ်ဂျက်စီမံကိန်း စာရင်းက သက်ဆိုင်ရာဝန်ထမ်းတွေက သူတို့ဟာသူတို့ရေးဆွဲတဲ့ သဘောတွေဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ မိမိတို့ရဲ့ဒေသဆိုင်ရာတွေမှာ လိုအပ်ချက် တွေ ဒါပြည်သူတွေရဲ့ တောင်းဆိုချက်တွေနဲ့ ဒါတွေကိုကျွန်တော်တို့က လေ့လာမှတ်သားထား ရမှာဖြစ်တယ်။ အခုတင်လာတဲ့ စီမံကိန်းလုပ်ငန်းတွေကျတော့ တကယ်လိုအပ်နေတဲ့ လုပ်ငန်းတွေ မပါဘူးဖြစ်နေတယ်။ အဲ့တော့ကျွန်တော်တို့က ပြည်သူနဲ့ထိပ်တိုက်တွေ့ရတယ်။ ပြည်သူ့ကို အာမခံ ရတယ်။ ကျွန်တော်တို့ လမ်းတံတား လုပ်ပေးမယ်။ ဆေးရုံလုပ်ပေးမယ်။ ကျွန်တော်တို့က အဲ့လိုသာ အာမခံထားရတာ တကယ်တမ်းကျတော့ ဒီစီမံကိန်းတွေဟာလည်း ဒီလုပ်ငန်းတွေမပါဘူး။ နောက်တစ်ခါတင်လာတဲ့ ကျွန်တော်တို့ BE ဆိုတာဟာ တင်လာတဲ့စာရင်းဇယားက တိတိကျကျ မရှိဘူး။ ဥပမာ အဆောက်အဦတစ်လုံးဆောက်မယ်၊ ဒါဘယ်မြို့နယ်အတွက်ဆောက်မယ်၊ ဘယ် ခရိုင်အတွက် ဆောက်မယ်၊ ဘာအဆောက်အဦ ဆောက်မယ်၊ ဒါတွေလည်း မပါဘူး။ ကိန်းဂဏန်း မပါဘူး ဘယ်အတွက်ဆောက်မယ်ဆိုတာလည်း မပါဘူး။ မပါတော့ ကျွန်တော်တို့က ဒါတွေသွားပြီး လေ့လာတဲ့အခွင့်အရေး မရှိဘူး။ အဲ့ဒါကြောင့်မို့လို့ ဒီဘဏ္ဍာရေးအချိန်ကျရောက်ပြီဆိုရင် အဲ့တော့ စာရင်းဇယားရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါဝင်ဆွေးနွေး ပြီးတော့မှရေးဆွဲရဖို့နဲ့ ကျွန်တော်တို့အနေနဲ့ အကြံပြုတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသ ကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ အစီအစဉ်စတင်ကြောင်း ကြေညာ ပါတယ်ခင်ဗျား။ (တူထုသည်)(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဝေငှထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အရေအတွက် (၇၆)ဦးအနက် အစည်းအဝေးတက်ရောက်တဲ့ကိုယ်စားလှယ်အရေအတွက်မှာ (၇၅)ဦးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၉၈.၆၈%)ဖြစ်ပါတယ်။ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ထက်ဝက်ကျော်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၇ နှင့် နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ)အရ အစည်းအဝေး အထမြောက် ကြောင်းကြေညာအပ်ပါတယ်။ (တူထုသည်) (သြဘာသံများ)

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁)ဦး ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(က) မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်အစည်းအဝေးကို မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကိုဖော်ပြပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ရဲ့ခွင့်ပြုချက်တင်ပြ တောင်းခံရမည်ဟု ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုခွင့်ပန်ကြားဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးသန်း၊ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "လေးစားအပ်ပါသော မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးစိုးသန်း ဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်ဆန်းဝင်းသည် ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့အစည်းအဝေးစတင်ကျင်းပပြုလုပ်သည့် (၈.၁၂.၂၀၁၆)ရက် နေ့မှစ၍ အစည်းအဝေးပြီးဆုံးသည်အထိ ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါ သည်။"

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေး (၁/၂၀၁၆)ပထမနေ့သို့ တက်ရောက်ခွင့်ရှိသူ (၇၆)ဦးရှိသည့်အနက် တက်ရောက်သူ(၇၅)ဦး၊ ခွင့်ပန်ကြားသူ (၁)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်များ၏အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

[ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထု သည်)

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁)ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ (၁၈.၁၁.၂၀၁၆) ရက်စွဲပါ ကြေညာချက်အမှတ်(၃၀/၂၀၁၆)တွင် ရွေးကောက်ပွဲ ကန့်ကွက်လွှာ အယူခံမှုအမှတ်(၁၉/၂၀၁၆) ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်း မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ဦးကျော်မြင့်အား လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရပျက်ပြယ်ကြောင်းနှင့် ယင်း မဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင် မြှောက်ခံရသူမှာ ဦးအောင်မျိုးဦးဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၁၄.၁၁.၂၀၁၆)ရက်စွဲပါ ကြေညာချက်အမှတ် (၁၈/၂၀၁၆) အရ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်သူလွင် (ကြည်း-၂၄၂၃၁) အစား ဗိုလ်မှူးစိုးမြင့်ဦး (ကြည်း-၂၀၅၇၃)နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဉာဏ်ဖြိုးခိုင် (ကြည်း-၃၅၆၃၁) အစား ဗိုလ်မှူးတင်ထွန်း(ကြည်း-၂၀၃၁၄)တို့ကို ပြောင်းလဲ တာဝန်ပေးအပ်ကြောင်း

ကြေညာပြီးဖြစ်သဖြင့်လည်းကောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အဖြစ် လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ဥပဒေဇယား(၄)မှာ ဖော်ပြထားတဲ့အတိုင်း ကတိသစ္စာပြုရမှာ ဖြစ်ပါတယ်။ ကတိသစ္စာကိုလိုက်ဆိုရာတွင် ကွက်လပ်နေရာ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အမည်ကို ထည့်သွင်းဖတ်ကြားဖို့ ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးမှာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာဆိုမှာ ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် လွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ်နေရာသို့ကြွရောက်ပေး ပါရန်နှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တပ်ရပ်ပေးရန် ဖြစ်ပါတယ်။

[ ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ကြသည် ]

**ဦးအောင်မျိုးဦး၊ ရမည်းသင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဗိုလ်မှူးတင်ထွန်း၊ ဗိုလ်မှူးစိုးမြင့်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ။** ။ "ကျွန်ုပ်ဦးအောင်မျိုးဦး၊ ဗိုလ်မှူး တင်ထွန်း၊ ဗိုလ်မှူး စိုးမြင့်ဦးသည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါ မည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

[ ဥက္ကဋ္ဌကတိုင်ပေး၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁)ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုး ပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများနှင့် ပတ်သက်၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက "မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာ ရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများ"နှင့်ပတ်သက်၍ လွှတ်တော်သို့ ရှင်း လင်းတင်ပြရန် ဖြစ်ပါတယ်။

**ဦးမြတ်သူ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး။** ။ "လေးစားအပ်ပါသော ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးစီးသော လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် အထူးပြုတဲ့ ဝန်ကြီးများနဲ့ဧည့်သည်တော်များ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တိုင်းဒေသကြီး လွှတ်တော်တင်ပြတဲ့ မန္တလေးတိုင်းဒေသကြီးရဲ့ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေအသုံးစရိတ်များကိုတင်ပြမဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ ဖြစ်ပါတယ်။ ကျွန်တော့်တင်ပြချက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မန္တလေးမြို့၊ စာအမှတ်၊ ၂/ ၃-၄/ ၄ ဦး ၆ (၁၉၀) စီမံ/ဘဏ္ဍာ၊ ရက်စွဲ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်၊ သို့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အကြောင်းအရာ၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေအဆိုပြုချက်များအား အတည်ပြုပေး နိုင်ပါရန် တင်ပြခြင်း၊ ရည်ညွှန်းချက်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ (၂.၁၁.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရသ(၉)/ဘတ်ဂျက်/ ၅၈၀ / ၂၀၁၆-၂၀၁၇၊ ၂၀၁၆ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အစီ အစဉ်တွင် ဗဟိုအဖွဲ့အစည်း(၅)ခု၊ ဝန်ကြီးဌာန(၆)ခု၏ လက်အောက်ခံဌာန အဖွဲ့အစည်း(၁၆)ခု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းဌာနအဖွဲ့အစည်း(၂၃)ခု ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ (၂၀.၁၀.၂၀၁၆)ရက်နေ့တွင် ကျင်းပပြု လုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆) မှတ်တမ်းကောက်နုတ် ချက်အရ " ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲချိန်မှစ၍ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိသော ဗဟိုစာရင်းအင်းအဖွဲ့ရုံးများ၏ ရငွေ/သုံးငွေစာရင်း များကို တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲခွင့်ပြုရန် သဘောတူကြ သည်"ဟုပါရှိသဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့အား ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါသဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအစီအစဉ်တွင် ဗဟိုအဖွဲ့ အစည်း(၅)ခု၊ ဝန်ကြီးဌာန(၆)ခုနှင့် ယင်းလက်အောက်ခံဌာနအဖွဲ့အစည်း (၁၇)ခု၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်း တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်း(၂၄)ခု ထည့်သွင်းရေးဆွဲထားပါသည်။ အပိုဒ်(၂) နှစ်လတ်ဘဏ္ဍာရေး မူဘောင်အရ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး၏ လိုငွေဖြည့်ဆည်းပေးရန်

ပြည်ထောင်စုမှ ထောက်ပံ့ပေးနိုင်မည့် ငွေပမာဏမှာ (၁ဝ၈.၂၉၆၈၂၃)ဘီလီယံဖြစ်ပြီး၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် (၂၈ဝဝ.ဝဝဝ) ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ (၂၉.၁၁.၂ဝ၁၆)ရက်စွဲ ပါစာအမှတ်၊ ၁၂၇၃/ ၂၅ဝ- ထောက်ပံ့ငွေ ၃-၁/ အဖရ (၂ဝ၁၆)ဖြင့် အကြောင်းကြားလာခဲ့ပါသည်။ အပိုဒ်(၃) မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ဌာနအဖွဲ့အစည်း(၂၄)ခု၏ ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ရငွေ၊ သုံးငွေ ခန့်မှန်းခြေ အဆိုပြုချက်များမှာ ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် ခန့်မှန်း ခြေအဆိုပြုချက် သာမန်အသုံးစရိတ်များ ရငွေ (၆၅)ဘီလီယံ၊ သုံးငွေ(၁၁၆)ဘီလီယံ၊ လိုငွေ(၅၁၈) ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်များ ရငွေ (၃၂)ဘီလီယံ ဖြစ်ပြီး၊ သုံးငွေ(၁၁၈)ဘီလီယံ၊ လိုငွေစုစုပေါင်း(၈၆)ဘီလီယံ ဖြစ်ပါတယ်။ ကြွေးမြီရငွေ (၃၄)ဘီလီယံ၊ သုံးငွေ(၅)ဘီလီယံ၊ ပိုငွေ (၂၉)ဘီလီယံ၊ စုစုပေါင်းအားဖြင့် ရငွေ(၁၃၁၉၇၈)ဖြစ်ပြီး၊ သုံးငွေ (၂၄ဝ၂၇၅)ဘီလီယံ၊ လိုငွေစုစု ပေါင်း(၁ဝ၈)ဘီလီယံ ခုနကျွန်တော်တင်ပြတဲ့ လိုငွေစုစုပေါင်းရငွေ (၂၄ဝ) ဘီလီယံ၊ သုံးငွေစုစု ပေါင်း(၂၄ဝ)ဘီလီယံ ဖြစ်ပါတယ်။ အဓိကကတော့ ပြည်ထောင်စုမှထောက်ပံ့ငွေ ပိုငွေ (၁ဝ၈.၂၉ ၆၈၂၃)ဘီလီယံ ဖြစ်ပါတယ်။ မန္တလေးတိုင်းရဲ့ အရအသုံးငွေစာရင်းမှ လို/ပို မရှိ တင်ပြထားတာ ဖြစ်ပါတယ်။ အပိုဒ်(၄) သို့ပါ၍ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက် သောဌာန၊ အဖွဲ့အစည်းများ၏ ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ (ရငွေနှင့် သုံးငွေစာရင်းချုပ်)အား ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂ဝ၁၆)သို့ တင်ပြအတည်ပြုချက် ရယူရန်အတွက် (၅.၁၂.၂ဝ၁၆) ရက်နေ့ (၁ဝ ဝဝ)အချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ် သည့် အစည်းအဝေးအမှတ်စဉ် (၁၅/၂ဝ၁၆)သို့ တင်ပြခဲ့ရာ အဆိုပါအစည်းအဝေးမှ လွှတ်တော်သို့ တင်ပြရန် သဘောတူကြောင်းဆုံးဖြတ်ခဲ့ပြီးပါသဖြင့် အတည်ပြုပေးနိုင်ပါရန် အဆိုပြုချက်အစုံ (၈ဝ) နှင့်အတူ ပူးတွဲ၍တင်ပြအပ်ပါတယ် ခင်ဗျား။ ပူးတွဲပါ (က)

၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်း ဒေသကြီးရငွေသုံးငွေစာရင်း အဆိုပြုတင်ပြချက် (စာရင်းချုပ်)၊ ပူးတွဲပါ (ခ) ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရငွေ/သုံးငွေ စာရင်းအဆိုပြုချက် (သာမန်စာရင်း)၊ ပူးတွဲပါ (ဂ) ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရငွေသုံးငွေစာရင်းအဆိုပြုချက် (ငွေလုံးငွေရင်း စာရင်း)၊ ပူးတွဲပါ (ဃ) ၂ဝ၁၇-၂ဝ၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရငွေသုံးငွေစာရင်း အဆိုပြုချက် (ကြွေးမြီစာရင်း)၊ ပူးတွဲပါ (င) မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သောဌာနအဖွဲ့အစည်းများ၏ ၂ဝ၁၇-၂ဝ၁၈ ခု၊ မူလခန့်မှန်းခြေ စာရင်း (သာမန်+ငွေလုံးငွေရင်း+ကြွေးမြီ) ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။"

**မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေးကော်မတီနှင့် ဒေသန္တရ စီမံကိန်း၊ အရအသုံးဆိုင်ရာငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှစ်ရပ်၏ ပူးပေါင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းသည့် "မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများ"နှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံ ကိန်း၊ အရအသုံးဆိုင်ရာငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှစ်ရပ်၏ ပူးပေါင်းအစီရင်ခံစာ ကို ကော်မတီဥက္ကဋ္ဌတစ်ဦးက ဖတ်ကြားတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည်၊ ကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) သို့ကြွရောက်တော်မူလာ ကြသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီး ချုပ်နှင့် ဝန်ကြီးအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စား လှယ်၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ သတင်းမီဒီယာများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဦးအောင်ကြည် ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌတာဝန်နှင့် ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေးကော်မတီ အဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ခေါ်ယူရခြင်းဟာ ၂၀၁၇- ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်း(၂၄)ခု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းများကို တိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြုပေးနိုင်ရန်အတွက် ခေါ်ယူ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် လွှတ်တော်မှအတည်ပြုပြီးပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက် လက်တင်ပြပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းကို အောက်ပါအတိုင်း သုံးသပ်တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစာရင်းများကိုပေးပို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ လက်ခံရရှိမှုအချိန်ကာလ ဟာ အလွန်တိုတောင်းလှ၍ လေ့လာစိစစ်ချိန် နည်းပါတယ်။ စာရင်းများလက်ခံရရှိမှု အချိန်၊ ရက်နှင့် အတည်ပြုပေးရမည့်အကြား အနည်းဆုံး နှစ်ပတ်လောက်တော့ ဖြစ်သင့်ပါတယ်။ ဘတ်ဂျက်သည်

နှစ်စဉ်ရေးဆွဲနေရသည်ဖြစ်၍ နှောင့်နှေးကြန့်ကြာမှု မရှိသင့်ပါဘူး။ ဘတ်ဂျက်စာရင်းများကို အချိန်တိုအတွင်း အလျင်အမြန် ကြည့်ရှုရသည်ဖြစ်၍ အားနည်းမှုရှိနေပါသည်။ ၎င်းကိစ္စအား မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးနိုင်ပါရန် တောင်းဆိုအပ်ပါ သည်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများပြုစုရေးဆွဲရာတွင် ဒေသဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၏ ဝန်ကြီးများမှတဆင့် တင်ပြချက်ကိုအခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် ဝန်ကြီးများ၏ကြီးကြပ်မှုဖြင့် အတည်ပြုချက်ရယူပြီးမှသာ ရေးဆွဲသည်ဟု သုံးသပ်မိပါသည်။ ဘတ်ဂျက်လျာထားချက်စီမံကိန်းကိစ္စအားလည်း မည်ကဲ့သို့ လုပ်ဆောင်မည့်လုပ်ငန်းစဉ်ကို အစိုးရအနေဖြင့် လွှတ်တော်သို့တင်ပြပေးရန် သင့်ပါကြောင်း တင်ပြအပ်ပါသည်။ တိုင်းဒေသကြီး အဆင့်ဌာန (၂၄) ခု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းများကို (၅.၁၂.၂၀၁၆) ရက်နေ့မှ (၇.၁၂.၂၀၁၆) ရက်နေ့အထိ (၃)ရက်အချိန်ကာလအတွင်း ကောက်နှုတ်စစ်ဆေးချက်များကိုလည်း တင်ပြအပ်ပါသည်။ ဥပမာအားဖြင့် မန္တလေးမြို့တော်စည်ပင်သာယာမှ ကန်တော်ကြီးအပန်းဖြေ ဥယျာဉ် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှ သိန်း(၂၀၀)သုံးစွဲ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သိန်း(၁၂၀၀)လျာထားခြင်းမှာ များပြားလွန်းသည်ဟု သုံးသပ်အကြံပြုပါသည်။ ပန်းခြံတည်ဆောက် ခြင်းနှင့်သာယာလှပရေးတွင်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သိန်းပေါင်း (၂၅၀)သုံးစွဲ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သိန်းပေါင်း (၃၄၅၀) များထားခြင်းကြောင့် ယခင်နှစ်ကထက် သိန်းပေါင်း (၃၂၀၀)များပြားနေခြင်းကိစ္စကို အသေးစိတ်သိရှိလိုပါတယ်။ အာဆီယံအဆင့်မီ သားသတ်ရုံ တည်ဆောက်ခြင်း အခြားဆက်စပ်အဆောက်အဦများဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများမှာ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သိန်းပေါင်း(၁၆၉၇၃) သုံးစွဲ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သိန်းပေါင်း(၆၁၈၉)သုံးစွဲ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ သိန်းပေါင်း (၁၀၃၄၀) တောင်းခံထားကြောင်း (၃)နှစ်အတွက် သိန်းပေါင်း(၃၃၅၀၂) ဖြစ်ကြောင်း၊ ၎င်းသုံးစွဲမှု သည်လည်း ပြည်သူလူထုအတွက် မည်သို့အကျိုးပြုသည်ကိုလည်း သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌမှ တဆင့်မေးမြန်းပေးလိုပါကြောင်း ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျောက်ဆည်မြို့ လမ်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဧည့်ဂေဟာ ပြင်ဆင်ခြင်းလုပ်ငန်း တွင်ငွေလုံးငွေရင်း ကျပ်သန်းပေါင်း(၂၀)သုံးစွဲရန် တင်ပြထားပါတယ်။ ၎င်းဧည့်ဂေဟာသည် နိုင်ငံတော်အကြီးအကဲများ လာရောက်မှုနည်းပါးခြင်း၊ လာရောက်ခဲ့လျှင်လည်း နာရီအနည်းငယ်သာ ခေတ္တနေထိုင်းခြင်းတို့ကြောင့် ၎င်းငွေကြေးကိုသုံးစွဲရန် မသင့်တော်ဟုယူဆရပြီး အခြားဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် စာရင်းပြောင်းသုံးစွဲသင့်ပါကြောင်း၊ ထို့အပြင် အခြားဌာနများ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းဇယားများအပေါ် စစ်ဆေးတွေ့ရှိချက်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း တင်ပြဆွေးနွေးကြမှာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ဒုတိယအကြိမ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်စဉ်လွှတ်တော်သို့ အတည်ပြုချက်ရယူရန် လိုအပ်သည့်နောက်ဆက်တွဲ ဘဏ္ဍာရန်ပုံငွေအတွက် လျာထားချက်ရေးဆွဲခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိန်းဂဏန်းများ လျာထားချက်ရေးဆွဲခြင်းများကို လွှတ်တော်ပြက္ခဒိန်နှင့်အညီ အချိန်မီ ပေးပို့နိုင် ရေးကို ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒါ့အပြင် နောက်ဆက်တွဲ ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ တင်သွင်းရာတွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ (၁)လကြိုတင်၍ လွှတ်တော်ရုံးသို့ ပေးပို့နိုင်ရေး၊ အစိုးရအဖွဲ့သို့ တိုက်တွန်းဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသ ကြီးအတွင်း အမှန်လိုအပ်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် မဖြစ်မနေ သုံးစွဲရန် လိုအပ်မည့်လုပ်ငန်းများကို စေ့စပ်သေချာစွာ စိစစ်ပေးနိုင်မည် ဖြစ်ပါတယ်။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်ထိရောက်ရေးအတွက် အလွန်အရေးကြီးသည့် ဘတ်ဂျက်ခွဲဝေသုံးစွဲရေးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်း၊ စောင့်ကြည့်ခြင်းအားဖြင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တင်ပြ အစီရင်ခံပြီး အစီရင်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။"

## မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးကတင်သွင်းထားသည့် "မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများ"နှင့် ပတ်သက် ၍ ဆွေးနွေးလိုသူရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲကို တိကျစွာဖော်ပြ၍ ယနေ့ ညနေ(၄)နာရီ နောက်ဆုံးထားပြီး လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် (၉.၁၂.၂၀၁၆) ရက်နေ့တွင် လွှတ်တော်၌ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

## ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ပထမနေ့ ရပ်နားကြောင်းနှင့် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ အစီအစဉ်ပြီးဆုံးကြောင်း ကြေညာပါတယ်။ အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကို (၉.၁၂.၂၀၁၆)ရက် သောကြာနေ့ နံနက် (၁၀ ၀၀)နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်) (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ယခုမန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါတော့မယ်ရှင်။

[ လွှတ်တော်ဥက္ကဋ္ဌ အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ကို (၁၀:၃၅)နာရီ အချိန်တွင် ရပ်နားပါသည်။ ]